www.dhammadownload.com

မိုးကုတ်ဝိပဿနာပြန့်ပွားရေး

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ အနောက်ဂန့်ဂေါ၊ မုံလယ်တောရကျောင်း၊

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မုံလယ်ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တသံဝရ



ရန်ကုန်တိုင်း၊ ဗဟာန်းမြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်

၁၄-၁၂-၂၀၀၈ ည ၇-နာရီ အချိန်

ဟောကြားတော်မူသော

## မယ်ပဋာအကြောင်းဥပမာပြ

## ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော်

www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
# မုံလယ်တောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တသံဝရ

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်

၁၄-၁၂-၂၀၀၈ ည (၇း၀၀)နာရီအချိန်

ဟောကြားတော်မူသော

**မယ်ပဋ္ဌာအကြောင်း ဥပမာပြ**

ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော်။

**အနန္တော အနန္တ ငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြပါစို့။**

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊
နမော မာတာပိတုဿ၊ နမော အာစရိယဿ။

**ဗုဒ္ဓဿ** - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော ရှင်တော် မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးအား၊ **နမော** - ရည်ညွတ် သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com



**ဓမ္မသ** - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အား၊ **နမော**- ရည်ညွတ်သဒ္ဒါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**သံဃသ** - မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး, ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ဤရှစ်ပါးသော အရိယာ သံဃာတော်မြတ်တို့အား၊ **နမော**- ရည်ညွတ်သဒ္ဒါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**မာတာပိတုသ** - မိဘနှစ်ပါးအား၊ **နမော** - ရည်ညွတ် သဒ္ဒါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံ မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**အာစရိယသ** - ဝိပဿနာ ဉာဏ်မျက်စိ နှစ်ကွင်း၊ အလင်းရောက်အောင်၊ သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား၊ **နမော** - ရည်ညွတ်သဒ္ဒါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊

www.dhammadownload.com



မိဘ၊ ဆရာသမားတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယတို့ကြောင့် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအို၊ မသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း၊ တစ်ထောင့်ငါးရာ ကိလေသာ တို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာ ဉာဏ်သည် လျှင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုလွယ်နိုင်ကြသည်ဖြစ်စေ။

## မူလနှစ်ဖြာ တစ်ခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊
အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊
နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊
ဤရှစ်သွယ်ကို
အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

www.dhammadownload.com



နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တရားနာတယ် တရားအားထုတ်တယ် တရားလေ့လာတယ်ဆိုတာ မိမိခန္ဓာမှာ ရှိတဲ့တရားနဲ့ အသိဉာဏ်နဲ့ ထပ်သွားဖို့ လိုတယ်နော်။ ရှိတဲ့တရားဆိုတာ အာရုံနဲ့ ဒွါရ တိုက်လို့ ပေါ်လာတဲ့ ခန္ဓာငါးပါးကို ပြောတာနော်။ အာရုံဆိုတာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံပေါ့။ ဒွါရဆိုတာ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနောအကြည်ပေါ့။ ရုပ်နှစ်ခု တိုက်တိုင်း တိုက်တိုင်း ဆိုင်ရာဝိညာဏ်မပေါ်လား . . . (ပေါ်ပါတယ်ဘုရား)။ အဲဒီ ဆိုင်ရာဝိညာဏ်၊ သူတွေ ငါတွေလား၊ ဝိညာဏက္ခန္ဓာလား . . . (ဝိညာဏက္ခန္ဓာပါ ဘုရား)။

မျက်စိအကြည်ရှိရင် ရူပါရုံ အဆင်းတိုက်မှာပေါ့။

www.dhammadownload.com



မြင်သိစိတ်ပေါ်မှာပေါ့။ နားအကြည်ရှိရင် အသံတိုက်မှာပေါ့။ ကြားသိစိတ် ပေါ်မှာပေါ့။ အဲဒီ ကြားသိစိတ်ကလေးက ရုပ်နှစ်ခု မတိုက်ခင် ဘယ်ဆီမှာနေတယ်လို့ လက်ညှိုး ညွှန်ပြခြင်းငှာ ထိုက်ရဲ့လား . . . (မထိုက်ပါဘူးဘုရား)။ နှစ်ခု တိုက်မှ ပေါ်တယ်နော်။ ဒီလိုဆိုတော့ အရှိတရားလား၊ အဖြစ်တရားလား . . . (အဖြစ် တရားပါ ဘုရား)၊

အဖြစ်တရားကို သိတော့ ဘာများ အကျိုးရှိသလဲ မေးဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ အသက်ရှိတယ်လို့ ယူဦးမလား . . . (မယူပါဘူး ဘုရား)။ လိပ်ပြာရှိတယ်လို့ ယူဦးမလား . . . (မယူပါဘူး ဘုရား)။ လူရှိတယ်၊ နတ်ရှိတယ် ဗြဟ္မာရှိတယ်လို့ ယူဦးမလား . . . (မယူပါဘူး ဘုရား)။ သက္ကာယဒိဋ္ဌိ မပြုတ်လားဟေ့ . . . (ပြုတ်ပါတယ် ဘုရား)။ စိစစ်ဖို့ ကောင်းတယ်နော်။ အဲဒါ လိုရင်း အချက်ပေါ့ကွဲ့။

တချို့က သိတဲ့စိတ်၊ ငယ်ငယ်လေး မွေးကတည်းက၊ လမ်းသွားတဲ့အချိန် ရောက်သည်အထိ၊ လမ်းသွား အရွယ်လည်း ငါပေါ့နော်။ ကျောင်းသား အရွယ်လည်း ငါပေါ့နော်။ ကျောင်းက ထွက်လာတဲ့အခါလည်း ငါပေါ့ နော်။ လူပျိုကြီးဖားဖား ဖြစ်တော့လဲ ငါပေါ့။အိမ်ထောင်

www.dhammadownload.com



ရက်သား ကျတော့ကာလည်း ငါပေါ့။ တစ်ငါတည်း နေတာပေါ့။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါ တယ်ဘုရား)။ အဲဒါ သိတဲ့ စိတ်ကလေး ပြောတာနော်။

သိတဲ့စိတ်ရှိတယ်လို့ မယူကြဘူးလား . . . (ယူကြပါတယ် ဘုရား)။ အိပ်ပျော်နေတဲ့ ပုဂ္ဂိုလ်က သေတာ ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ အိပ်ပျော်တဲ့ ပုဂ္ဂိုလ်က သေတာ မဟုတ်ဘူးနော်။ သို့သော် ဘဝင်စိတ် ပေါ့။ လူတစ်ယောက်က ဓားနဲ့ခုတ်သတ်မယ်လို့ တက်လာ မှာပေါ့။ သိတဲ့စိတ်ရှိရင် ခုခံမှာပေါ့။ သို့မဟုတ် ထွက်ပြေးမှာ ပေါ့။ သိတဲ့စိတ် မရှိတော့ ခံလိုက်ရမှာပေါ့။ အဲဒါ သိတဲ့စိတ် က ရှိတာမဟုတ်ဘူးနော်။ ဘဝင်စိတ်ရှိတာ။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ကဲတစ်ခါ ကျောင်းသားအရွယ်တို့ လေးဖက်သွား အရွယ်လည်း ငါပေါ့နော်။ လေး၊ ငါးနှစ်သားလေးကျတော့ မိဘတွေက ကဲ အကျီချွတ် မခိုင်းရဘူးလား . . . (ချွတ်ခိုင်း ရပါတယ် ဘုရား)။ပုဆိုးချွတ် မခိုင်းရဘူးလား . . . (ချွတ်ခိုင်း ရပါတယ် ဘုရား)။ ရေချိုးဖို့လေ။ ကဲ မချွတ်ဘူးလား . . . (ချွတ်ပါတယ် ဘုရား)။ အင်း မိမိက အသက်သုံးဆယ် အရွယ်ကျတော့ ပုဆိုးချွတ်ခိုင်းရင် ချွတ်ပါ့မလား . . .

www.dhammadownload.com



(မချွတ်ပါဘူး ဘုရား)။ ဘာဖြစ်လို့လဲ ရှက်တယ်လို့ မပြောဘူး လား . . . (ပြောပါတယ် ဘုရား)။ ဟိုတုန်းကလေး၊ ငါးနှစ် အရွယ်က စိတ်ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲလိုလေ့လာဖို့ ကောင်းတယ်နော်။ သိတဲ့စိတ် ရှိတာ မဟုတ်ဘူးကွဲ့။ သူ့ကို အဖြစ်တရားလို့ ဟောတာ . . . ။

ဒါ အဖြစ်တရား သိတဲ့အတွက် အသက်ရှိတယ် ဆိုတဲ့ အယူကို စွန့်တယ်နော်။ လိပ်ပြာရှိတယ် ဆိုတာ ကိုလည်း စွန့်တယ်နော်။ လူရှိတယ်၊ နတ်ရှိတယ်၊ ဗြဟ္မာ ရှိတယ် ဆိုတာကိုလည်း စွန့်တယ်နော်။ ဒိဋ္ဌိ မပြုတ် လား. . . (ပြုတ်ပါတယ် ဘုရား)။

ကဲ ဖြစ်ပြီးရင် မပျက်လား. . . (ပျက်ပါတယ် ဘုရား)။ မြင်ပြီးရင် မပျက်လား. . . (ပျက်ပါတယ် ဘုရား)။ အပျက်ကိုသိတော့ ခိုင်တယ် မြဲတယ်လို့ ယူဦးမလား . . . (မယူပါဘူး ဘုရား)။ အပျက်ကို သိတော့ ခိုင်တယ် မြဲတယ်လို့ယူတဲ့ သဿတဒိဋ္ဌိ မပြုတ်လား . . . (ပြုတ်ပါ တယ်ဘုရား)။ နောက်ခန္ဓာ အစားထိုးတာသိတော့ ဘဝ ပြတ်တယ်လို့ ယူဦးမလား . . . (မယူပါဘူး ဘုရား)။ ဥစ္ဆေဒ အယူ မပြုတ်လား . . . (ပြုတ်ပါတယ် ဘုရား)။သက္ကာယဒိဋ္ဌိ၊

www.dhammadownload.com



သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်တယ် ကွဲ့နော်။ အဲဒါ လိုရင်း အချက်ပေါ့။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ ခန္ဓာ သိမှ။ ခန္ဓာသိဖို့ အရေးကြီးတယ်နော်။

သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ဣရိယာပထ လေးပါးပေါ့။ ထိုင်တာ အဓိကလား၊ ခန္ဓာသိဖို့ အဓိကလား . . . (ခန္ဓာသိဖို့ အဓိကပါ ဘုရား)။ ရပ်တာ အဓိကလား၊ ခန္ဓာသိဖို့ အဓိကလား . . . (ခန္ဓာသိဖို့ အဓိကပါ ဘုရား)။ စင်္ကြံသွားတာ အဓိကလား၊ ခန္ဓာသိဖို့ အဓိကလား . . . (ခန္ဓာသိဖို့ အဓိကပါ ဘုရား)။ လျောင်းတာ အဓိကလား၊ ခန္ဓာသိဖို့ အဓိကလား . . . (ခန္ဓာသိဖို့ အဓိကပါဘုရား)။ ခန္ဓာသိဖို့ အရေးကြီးတယ်နော်။ သိပယ် ကိုးကွဲ့။ သိမှပယ်နိုင်တာပေါ့။

ကဲ ကိုယ်ထင်တာတွေ တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ အဲဒီလို စိစစ်ဖို့ လိုတယ်နော်။ ဒါကြောင့် ခန္ဓာသိ၊ သစ္စာသိ၊ ပဋိစ္စသမုပ္ပါဒ်ကို သိမှ သက္ကာယဒိဋ္ဌိပြုတ်မှာ။ မရသေးတဲ့ပုဂ္ဂိုလ် ရလေအောင်၊ ရပြီးသား ပုဂ္ဂိုလ် လိုရင်းကိစ္စပြီးအောင် မျက်စိပေါက်ကစ မနောဒွါရအထိ မှန်မှန်လေး ခန္ဓာဖွဲ့ကြ . . . .။

www.dhammadownload.com



## ခန္ဓာဖွဲ့နည်း

### မျက်စိ

စက္ခုအကြည်ကို အဆင်းတိုက်တော့ စက္ခုဝိညာဏ် ပေါ်ပါသည်။ စက္ခုဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ် တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ စက္ခုဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်း တော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ စက္ခုအကြည်နှင့် အဆင်းကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာဖြစ်ပါသည်။ နာမက္ခန္ဓာ လေးပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

မျက်စိအကြည်ကို အဆင်းတိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။ အဆင်းကို မြင်သိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ မျက်စိ အကြည်နှင့် အဆင်းက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

မျက်စိအကြည်ကို အဆင်းတိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။ အဆင်းကို မြင်သိတာက နာမ်တရား။ မျက်စိ အကြည်နှင့် အဆင်းက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

www.dhammadownload.com



**နှာ:**

သောတအကြည်ကို အသံတိုက်တော့ သောတဝိညာဏ် ပေါ်ပါသည်။ သောတဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ သောတဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာသုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ သောတအကြည်နှင့် အသံကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

နားအကြည်ကို အသံတိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။ အသံကို ကြားသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ နား အကြည်နှင့် အသံက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

နားအကြည်ကို အသံတိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။ အသံကို ကြားသိတာက နာမ်တရား။ နား အကြည်နှင့် အသံက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

**နှာ**

ဃာနအကြည်ကို အနံ့တိုက်တော့ ဃာနဝိညာဏ်

www.dhammadownload.com



ပေါ်ပါသည်။ ဃာနဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ် တည်းပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ဃာနဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်း တော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ဃာနအကြည်နှင့် အနံ့ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာ လေး ပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

နှာအကြည်ကို အနံ့တိုက်တော့ နံသိစိတ် ပေါ်ပါ သည်။ အနံ့ကို နံသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာ က စေတသိက်။ စိတ်၊ စေတသိက်။ နှာအကြည်နှင့် အနံ့က ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

နှာအကြည်ကို အနံ့တိုက်တော့ နံသိစိတ် ပေါ်ပါ သည်။ အနံ့ကို နံသိတာက နာမ် တရား။ နှာအကြည်နှင့် အနံ့က ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

## လျှာ

ဇိဝှါအကြည်ကို ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး ရသာ (၆)ပါး တိုက်တော့ စားသိစိတ်ဆိုတဲ့ ဇိဝှါဝိညာဏ် ပေါ်ပါ သည်။ ဇိဝှါဝိညာဏ်ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ဇိဝှါဝိညာဏ်နှင့်

www.dhammadownload.com



သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါး ပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ဖိုဝါအကြည်နှင့် ရသာ(၆) ပါးကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာ လေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

လျှာအကြည်ကို ရသာ(၆)ပါး တိုက်တော့ စားသိစိတ် ပေါ်ပါသည်။ ရသာ(၆)ပါးကို စားသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ လျှာအကြည်နှင့် ရသာ(၆)ပါးက ရုပ်။ **စိတ်၊ စေတသိက်**၊ **ရုပ်**။

လျှာအကြည်ကို ရသာ(၆)ပါး တိုက်တော့ စားသိစိတ် ပေါ်ပါသည်။ ရသာ(၆)ပါးကို စားသိတာက နာမ်တရား။ လျှာအကြည်နှင့် ရသာ(၆)ပါးက ရုပ်တရား။ **နာမ်**၊ **ရုပ်** နှစ်ပါး။

## ကိုယ်

ကာယအကြည်ကို မာမှု၊ ပျော့မှု၊ ပထဝီဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ်ဆိုတဲ့ ကာယဝိညာဏ် ပေါ်ပါသည်။ ကာယဝိညာဏ်ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့

www.dhammadownload.com



ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ကာယဝိညာဏ်နှင့် သဟဇာတ ဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ကာယအကြည်နှင့် မာမှု၊ ပျော့မှုကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာ လေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

ကိုယ်အကြည်ကို ပူမှု၊ အေးမှု၊ တေဇောဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ပေါ်ပါသည်။ ပူမှု၊ အေးမှုကို ထိသိ တာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ ကိုယ်အကြည်နှင့် ပူမှု၊ အေးမှုက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

ကိုယ်အကြည်ကို ထောက်ကန် လှုပ်ရှားမှု၊ ဝါယော ဖောဋ္ဌဗ္ဗတိုက်တော့ ထိသိစိတ် ပေါ်ပါသည်။ ထောက်ကန် လှုပ်ရှားမှုကို ထိသိတာက နာမ်တရား။ ကိုယ်အကြည်နှင့် ထောက်ကန် လှုပ်ရှားမှုက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

## စိတ်

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ် ဆိုတဲ့ မနောဝိညာဏ် ပေါ်ပါသည်။ မနောဝိညာဏ် ပေါ် သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်

www.dhammadownload.com



နိုင်ပါ။ မနောဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာက္ခန္ဓာ စေတသိက်၊ သညာက္ခန္ဓာ စေတသိက်၊ သင်္ခါရက္ခန္ဓာ စေတသိက် သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ဟဒယဝတ္ထုနှင့် ဓမ္မာရုံကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။ ဓမ္မာရုံတရားအပေါ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ အနေနှင့် ကြံသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ ဟဒယဝတ္ထုနှင့် ဓမ္မာရုံက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။ ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ အနေနှင့် ကြံသိတာက နာမ်တရား။ ဟဒယဝတ္ထုနှင့် ဓမ္မာရုံ က ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

ခြောက်ဒွါရ ခန္ဓာဖွဲ့ကြည့်တော့ လူအစားစား၊ နတ်အစားစား၊ ဗြဟ္မာအစားစား၊ တိရစ္ဆာန်အစားစား ပြိတ္တာ၊ အသူရကာယ်အစားစား တွေ့သလား၊ ခန္ဓာငါးပါး တွေ့ သလား . . . (ခန္ဓာငါးပါး တွေ့ပါတယ် ဘုရား)။ လူ၊ နတ်၊

www.dhammadownload.com



ဖြပ္ပဗ္ဗာ၊ သတ္တဝါ မတွေ့တာ ရှိလို့လား၊ မရှိလို့လား . . . (မရှိလို့ပါ ဘုရား)။ မရှိရင် လူစွဲ၊ နတ်စွဲ၊ ဖြပ္ပဗ္ဗာ စွဲ၊ စွဲစရာလိုသေးသလား . . . (မလိုပါဘူး ဘုရား)။ တွေ့တဲ့တရားက လူ၊ နတ်၊ ဖြပ္ပဗ္ဗာလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။

ဤခန္ဓာငါးပါး ဘယ်ပုံဘယ်နည်း ရှိတာလဲ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ရူပက္ခန္ဓာ ဘယ်သဘောရှိသလဲ. . . (ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။

ဝေဒနာက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။

သညာက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။

သင်္ခါရက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။

ဝိညာဏက္ခန္ဓာ ဘယ်သဘောရှိသလဲ . . .

(သိတတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား)။

ဤခန္ဓာငါးပါးက မြင်ပြီးရင် ပျက်၊ ကြားပြီးရင် ပျက်၊ နံပြီးရင် ပျက်၊ စားပြီးရင် ပျက်၊ ထိပြီးရင် ပျက်၊ သိပြီးရင်

www.dhammadownload.com



ပျက်ဆိုတော့ ခန္ဓာငါးပါး တွေ့သလား၊ မရှိတာတွေ့သလား. . . (မရှိတာတွေ့ပါတယ် ဘုရား)။ မရှိရင် ဘယ်လိုစွဲမှာလဲ . . . (စွဲစရာမရှိပါဘူး ဘုရား)။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါက အစကတည်းက မရှိခြင်းကြောင့် စွဲစရာလိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ ရှိတယ်ဆိုတဲ့ ခန္ဓာက ဖြစ်ပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ အစွဲခံရဲ့လား . . . (မခံပါဘူးဘုရား)။ ဒီလိုဆိုရင် သက္ကာယဒိဋ္ဌိ ပြုတ်တာပေါ့။

သက္ကာယဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ် ကာယကံနဲ့ ပတ်သက်တဲ့ အကုသိုလ်၊ ဝစီကံနဲ့ပတ်သက်တဲ့ အကုသိုလ်၊ မနောကံနဲ့ ပတ်သက်တဲ့ အကုသိုလ်၊ ပြုဦးမလား . . . (မပြုတော့ပါဘူး ဘုရား)။ မပြုရင် **သက်သတ်၊ ခိုးမှု၊ ကာမေသု၊ မုသား၊ မိစ္ဆာ၊ ကင်းပြတ်ကွာ မှတ်ပါ သောတာပန်**လို့ မဟောလား . . . (ဟောပါတယ်ဘုရား)။ အဲဒီနေရာ ရောက်အောင် ကြိုးစားအားထုတ်ရမယ်နော်။ အဲဒါ လိုရင်းအချက်ပေါ့။

အဲဒီခန္ဓာဖယ်ထား သက္ကာယဒိဋ္ဌိဖြုတ်စရာ ရှိပါ့မလား . . . (မရှိပါဘူး ဘုရား)။ ပိဋကတ်တော်မှာ ရှာချင်တာရှာ ခန္ဓာကလွဲလို့ ရှိပါ့မလား . . . (မရှိပါဘူး ဘုရား)။ ပိဋကတ်သုံးပုံချုံ့ကြည့် ခန္ဓာငါးပါးပေါ့။ ဖြန့်လိုက်ရင် ပိဋကတ်သုံးပုံပေါ့။ ဒါထက်ဖြန့်ရင် ဓမ္မက္ခန္ဓာပေါင်း

www.dhammadownload.com



ရှစ်သောင်းလေးထောင်ပေါ့။ အဲဒီလို လေ့လာဖို့ လိုတယ်နော်။ ဒါ ခန္ဓာဖွဲ့ဖို့ လိုတာပေါ့။ ရအောင် ကျက်ကြနော်။ သစ္စာဖွဲ့ဖို့လိုတယ်။ မရသေးတဲ့ပုဂ္ဂိုလ် ရလေအောင် သစ္စာဖွဲ့. . .။

## သစ္စာဖွဲ့နည်း

**ဝေဒနာက္ခန္ဓာ**

ဝေဒနာက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ဝေဒနာက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

**သညာက္ခန္ဓာ**

သညာက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်း

www.dhammadownload.com



မှုက လောဘ တဏှာ **သမုဒယသစ္စာ**။

သညာက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

**သင်္ခါရက္ခန္ဓာ**

သင်္ခါရက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

သင်္ခါရက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

**ဝိညာဏက္ခန္ဓာ**

ဝိညာဏက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊

www.dhammadownload.com



ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ဝိညာဏက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

**ရူပက္ခန္ဓာ**

ရူပက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ရူပက္ခန္ဓာတရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

www.dhammadownload.com



သစ္စာလေးပါးသိမှ သောတာပန်၊ သစ္စာလေးပါးသိမှ သကဒါဂါမ်၊ သစ္စာလေးပါးသိမှ အနာဂါမ် သစ္စာလေးပါးသိမှ ရဟန္တာနော်။ သစ္စာလေးပါးကို မသိရင် သောတာပန် ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူး ဘုရား)။ သောတာပန် မဖြစ်ရင် ဘုရားရဟန္တာ ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူး ဘုရား)။ သောတာပန်က စရတယ်နော်။

သစ္စာလေးပါးကို မသိတာ . . . (အဝိဇ္ဇာပါဘုရား)။ ခန္ဓာငါးပါးကို မသိတာ . . . (အဝိဇ္ဇာပါ ဘုရား)။ ခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါလို့ နှလုံးသွင်းမှားတာ . . . (အဝိဇ္ဇာပါ ဘုရား)။ နှလုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ . . . (တဏှာပါ ဘုရား)။ မရရင် မနေဘူးလို့ စွဲလမ်းတာ . . . (ဥပါဒါန်ပါ ဘုရား)။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဤသုံးခု သစ္စာဖွဲ့တော့ ဘာသစ္စာလဲ . . . (သမုဒယသစ္စာပါ ဘုရား)။ လူလား၊ သမုဒယသစ္စာလား . . . (သမုဒယသစ္စာပါ ဘုရား)။ နတ်လား၊ သမုဒယသစ္စာလား . . . (သမုဒယသစ္စာပါ ဘုရား)။ ဗြဟ္မာလား၊ သမုဒယသစ္စာလား . . . (သမုဒယသစ္စာပါ ဘုရား)။ သားတွေ၊ သမီးတွေလား၊ သမုဒယသစ္စာလား . . . (သမုဒယသစ္စာပါ ဘုရား)။ သမုဒယသစ္စာလို့ အမှန်သိတာ သူ၊ ငါလား၊ မဂ္ဂသစ္စာလား . . . (မဂ္ဂသစ္စာပါ ဘုရား)။ မဂ္ဂသစ္စာက

www.dhammadownload.com



သိတာနော်။

သမုဒယ အကြောင်းရှိသမျှ အကျိုးခန္ဓာ မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ ပေါ်နေတာ လူလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ နတ်လား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ဗြဟ္မာလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟူသမျှ အို၊ နာ၊ သေ၊ လွတ်ရဲ့လား . . . (မလွတ်ပါဘူး ဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။

လူချမ်းသာလား၊ ဒုက္ခသစ္စာလား . . . (ဒုက္ခသစ္စာပါ ဘုရား)။ နတ်ချမ်းသာလား၊ ဒုက္ခသစ္စာလား . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဗြဟ္မာ ချမ်းသာလား၊ ဒုက္ခသစ္စာလား . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာလို့ အမှန်ပိုင်းခြားသိ သမ္မာဒိဋ္ဌိလို့ မဟောလား. . . (ဟောပါတယ် ဘုရား)။ မိစ္ဆာဒိဋ္ဌိ မချုပ်လားဟေ့. . . (ချုပ်ပါတယ် ဘုရား)။

သမ္မာဒိဋ္ဌိက အလင်းရောင်နဲ့ တူတယ်နော်။ မိစ္ဆာဒိဋ္ဌိက အမှောင်ပေါ့။ အလင်းရောင်ပေါ်တော့ အမှောင် မပျောက်လား . . . (ပျောက်ပါတယ် ဘုရား)။ တဏှာ လာသေးရဲ့လား . . . (မလာပါဘူး ဘုရား)။ ဉပါဒါန် လာသေးရဲ့လား . . . (မလာပါဘူး ဘုရား)။ ကံလာသေး

www.dhammadownload.com



ရဲ့လား . . . (မလာပါဘူး ဘုရား)။

ပဋိစ္စသမုပ္ပါဒ် သုံးမျိုးပြတ်တာပေါ့။ တဏှာ ပဋိစ္စသမုပ္ပါဒ်၊ ဥပါဒါန် ပဋိစ္စသမုပ္ပါဒ်၊ ကံ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးပြတ်တယ်နော်။ နောက်ခန္ဓာ ဇာတ်မသိမ်းလား . . . (သိမ်းပါတယ် ဘုရား)။ နိဗ္ဗာန်ရောလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အခုလည်း ပြန်သစ္စာဖွဲ့ ကြည့်တော့ ခန္ဓာပေါ်မှာ နှလုံးသွင်း မှားတာပေါ့။ ခန္ဓာ ငါးပါးလို့သိ အနိစ္စသိတော့ မှန်တာပေါ့။ ပုဂ္ဂိုလ် သတ္တဝါ အနေနဲ့ နှလုံးသွင်း မှားတာနော်။ နှလုံးသွင်း မှားတော့ သွက်သွက်လည် ရှူးတာ။

မကြားစဖူး ကြားဖူးထပ်မံ မယ်ပဋ္ဌာပေါ့။ သူဌေး သမီး မယ်ပဋ္ဌာနော်။ ရှေးအထက်ကျော်ကာရီကပေါ့၊ အဲဒီ သူဌေးမှာ သားလေးတစ်ယောက်၊ သမီးတစ်ယောက်ရှိတာ ကိုး။ သူဌေးတို့မည်သည်မှာ ကျွန်မွေးထားတာနော်။ ကျွန်က ကိုဒါသကိုးကွဲ့ ။ ကိုဒါသနဲ့ ခဏခဏ မျက်နှာချင်းဆုံရတာနဲ့ ပြောဆိုရတာနဲ့ ရှေးဆရာတော်သမားတော်တွေ ဘယ်လို များ ဥပမာပေးသလဲလို့ စိစစ်ဖို့ မကောင်းလား . . . (ကောင်း ပါတယ် ဘုရား)။ အိုးချင်း ထားတော့ အိုးချင်းထိတာပေါ့။ ကြိုးချင်းထားတော့ ကြိုးချင်းငြိတာပေါ့။ ခဏခဏ မြင်ရ

www.dhammadownload.com



ကြားရတော့ကာ ချစ်စိတ်တွေ ဝင်တာပေါ့။ သူ့ဒွေးတို့ မည်သည်မှာ ကျွန်နဲ့ မပေးစားဘူးနော်။ မပေးစားတော့ မယ်ပဒ္မာက ပြောင်းပြန် ခိုးသွားရတာကွ။

ခိုးသွားတဲ့အခါ ငါးနှစ်ကျော်ကျော် ကြာတယ်နော်။ သားလေးနှစ်ယောက် ရလာခဲ့တာပေါ့။ မိဘကလည်း ဟိုတုန်းက သမီးလေးတစ်ယောက် သားတစ်ယောက် ဆိုတော့ အင်မတန်ချစ်တာကိုး။ လက်ဝါးပေါ်မှာ တင်ထားတဲ့ ပတ္တမြားကဲ့သို့ ဖူးဖူး မှုတ်ထားတာပေါ့။ အဲဒီလောက်ထိ ချစ်တယ်နော်။ နှုတ်နဲ့တောင် နစ်နာအောင် မပြောဘူးပေါ့။ လက်နဲ့၊ တုတ်နဲ့ ရိုက်ဖို့ ဝေးသေးတယ်နော်။ အဲဒီတော့ ငါးနှစ်ကျော်ကျော်လောက် ကြာညောင်းသွားတဲ့အခါ အဲဒီလောက်ဆို စိတ်ဆိုးပြေလောက်ပြီပေါ့။ မိဘတိုင်းပြည် ပြန်မယ်လို့ ပြန်လာခဲ့ကြတာပေါ့။ မြို့ကိုရောက်ခါနီး နေဝင်ခါနီးပေါ့နော်။

လေကြီးက တိုက်၊ မိုးကြီးက ပြင်းထန်စွာ ရွာ၊ လျှပ်စီကလည်း ... လေ့ျင်က လျှပ်တာပေါ့။ မိုးလင်းသွားတဲ့အခါကျတော့ ချမ်းတာနဲ့ မီးမွေးပြီးတော့ မီးလှုံဖို့ ထင်းမရှာဘူးလား . . . (ရှာပါတယ် ဘုရား)။ ထင်းရှာတယ်နော်။ ကိုဒါသက ထင်းရှာတာကိုး။ မြွေကြီးကို ထင်းမှတ်ပြီးတော့ သွားကိုင်

www.dhammadownload.com



ကြည့်တော့ မြွေကိုက်လို့ သေတော့တာပေါ့။ သူ့ကို သင်္ဂြိုဟ်ပြီးတော့ သားနှစ်ယောက်နဲ့ ပြန်ခဲ့ရတယ်နော်။ သားကြီးကို တစ်ဖက်ကမ်းမှာ ထားတာပေါ့။ ညီလေးကို ဟိုဘက်ကို သွားပို့ဦးမှာပေါ့။ တစ်ဖက်ကမ်းကို သွားပို့တယ်နော်။

အဲဒီတော့ အမေက သားကြီးကို လာကြိုတာပေါ့။ ရေလယ်လောက် ရေတစ်ဝက်လောက် ရောက်တဲ့အခါမှာ စွန်က သားငယ်ကို သုတ်ပြီးတော့ ချီသွားတော့တာကိုး။ ခြေမြှောက် လက်မြှောက် မမြှောက်ရဘူးလား . . . (မြှောက်ရပါတယ်ဘုရား)။ သားကြီးက သူ့ကို ခေါ်တယ် ထင်လို့ ဆင်းလာတော့ ရေမျောလို့ သေတာပေါ့။ သားငယ်က စွန်သုတ်လို့ သေတာပေါ့။ သားကြီးက ရေမျောလို့ သေတယ်နော်။ ကိုဒါသက မြွေကိုက်လို့ သေတာပေါ့။ သုံးလောင်း၊ စိတ်က နည်းနည်းနောက်လာပြီ။ ဟိုယိမ်း ဒီယိမ်းနဲ့ သွားတော့တာနော်။

ရွာဝင်ခါနီး မြို့ဝင်ခါနီးပေါ့။ မိုးခိုးက တအူအူကိုး။ ဥပါသကာတစ်ယောက်နဲ့ သွားတွေ့တယ်နော်။ ရှေ့က ဘာမီးခိုးတွေ ဘာမီးခိုးလဲလို့ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ အဲဒါ မနေ့ကညက နင့်အဖေရဲ့ တိုက်တွေ လျှေင်က လှုပ်တာပေါ့။ မိုးကြီးက ပြင်းထန်စွာ

www.dhammadownload.com



ရှာတာပေါ့။ လေတွေက တိုက်တာပေါ့။ အဲဒါ တိုက်တွေ ပြိုလို့ နင့်အဖေ သေပြီ၊ နင့်အမေလည်း သေပြီ၊ နင့်အစ်ကို လည်း သေပြီလို့၊ မပြောရဘူးလား . . . (ပြောရပါတယ် ဘုရား)။

သုံးလောင်း။ ဒီဘက်က သားနှစ်ယောက်နဲ့ ကိုဒါသက သုံးလောင်းနော်။ ခြောက်လောင်းပေါ့ကွဲ့။ သွက်သွက်လည် ရူးသွားတော့တာ။ အဝတ်မကပ်နိုင်တော့ ဘူးနော်။ စားရမှန်းမသိ အိပ်ရမှန်း မသိတော့ဘူးပေါ့။ သွက်သွက်လည် ရူးသွားတော့တာ။ ရှာစဉ်ကျယ် တလည်လည် ပေါ့။ လေး၊ ငါး၊ ခြောက်လကြာ သွားတယ်နော်။

မြတ်စွာဘုရား ကိုယ်တော်မြတ် သဗ္ဗညုတ ရွှေဉာဏ်တော် ဉာဏ်ကွန်ရက်ကို ဖြန့်ကြည့်လိုက်တာပေါ့။ မနက်ဖြန် ဘယ်သူ့ကို ချွတ်ရမှာလဲပေါ့။ မယ်ပဗ္ဗာကို မြင်တယ်။ ရှားမီးခဲ ရဲရဲကြီးကို ပြာဖုံးထားသလိုနော်။ သစ္စာလေးပါးပြောင်းနဲ့သာ မှုတ်လိုက်ရင် အလင်းရောင် ပေါ်တော့မှာပေ့ါ။ အရှုးပျောက် တော့မှာပေါ့။ အဲဒါနဲ့ သူသွားနေ လာနေကျ ကွက်လပ်ကြီး တစ်ခု ရှိတယ်နော်။ အဲဒီမှာ တရားမဏ္ဍပ်ကြီး ဆင်ယင် ကျင်းပထားတာပေါ့။ ပရိသတ်တွေက လေးသောင်းကျော်ပေါ့ကွဲ့။ ပြည့်ကျပ်နေ

www.dhammadownload.com



တော့တာနော်။ အဲဒါ အာရုံပြုတော့ မယ်ပဋ္ဌာနဲ့ တွေ့တော့တာပေါ့။

အဲဒီ လမ်းတစ်ဝက်လောက် ရောက်တဲ့အခါ ဥပါသကာနဲ့ မယ်ပဋ္ဌာနဲ့ သွားတွေ့တယ်နော်။ ဟဲ့အရှုးမ မယ်ပဋ္ဌာလို့ မခေါ်ဘူးလား . . . (ခေါ်ပါတယ် ဘုရား)။ မြောက်ဘက်ကို လှည့်ကြည့်စမ်းလို့ မပြောရဘူးလား . . . (ပြောရပါတယ် ဘုရား)။ တရားမဏ္ဍပ် မြင်လားလို့ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ မြင်တယ်လို့ မပြောလား . . . (ပြောပါတယ်ဘုရား)။ အဲဒီကို သွားပြီးတော့ တရားနာချေပေါ့။ မြတ်စွာဘုရား ရောက်နေပြီပေါ့နော်။ အဲဒီမှာ သွားတရားနာလို့ မပြောရဘူးလား . . . (ပြောရပါတယ် ဘုရား)။ ဘုရားသံ တရားသံကြားတော့၊ ကြည်ပြီးတော့ စူးစူးစိုက်စိုက် သွားတော့တာဗျ။

အဲဒါ ပရိသတ်ဆီကို ဝင်လာခဲ့တာ အဝတ်က မပါတော့ ဘယ်သူမှ လက်မခံဘူးပေါ့။ ဟိုကနှင် ဒီကနှင်ပေါ့နော်။ မြတ်စွာဘုရားက နှင်တာ ကြားတဲ့အခါ မော့ကြည့်လိုက်တာပေါ့။ မယ်ပဋ္ဌာကို မြင်တယ်။ ချစ်သမီး မယ်ပဋ္ဌာ ငါဘုရား မျက်မှောက်တော်ရောက်အောင် လာခဲ့လို့ မခေါ်ဘူးလား . . . (ခေါ်ပါတယ် ဘုရား)။ ဘယ်သူမှ မနှင်ရဲ

www.dhammadownload.com



တွေ့ဘူးနော်။ ဝင်လာခဲ့တာပေါ့။

အဝင်မှာ ရှေးက ဗန်းမော် တဘက်ကြီးပေါ့။ အဲဒါ ဥပါသကာတစ်ယောက်က ခေါင်းပေါင်းထားတာ ချွတ်ပြီးတော့ ပေးလိုက်ရတယ်။ အဲဒါ ခါး ပတ်ပြီးတော့ တရားနာရတယ်နော်။ မြတ်စွာဘုရားနဲ့ သွားတွေ့တာပေါ့။ ချစ်သမီး မယ်ပဋ္ဌာ နင့်ကို ကြည့်ရတာ မျက်ရည်နဲ့ မျက်ခွက်ပေါ့၊ ဘယ်လိုတွေ ဖြစ်လာသလဲလို့ မမေးရဘူးလား . . . (မေးရပါတယ်ဘုရား)။

သား သေတာတွေ မလျှောက်ဘူးလား . . . (လျှောက်ပါတယ် ဘုရား)။ လင်သေတာတွေ မလျှောက်ဘူးလား . . . (လျှောက်ပါတယ် ဘုရား)။ မိဘ သေတာတွေ မလျှောက်ဘူးလား . . . (လျှောက်ပါတယ် ဘုရား)။ အစ်ကိုကြီး သေတာတွေ မလျှောက်ဘူးလား . . . (လျှောက်ပါတယ် ဘုရား)။ နင် မသိလို့ ငိုတာပေါ့။ သိရင် မငိုဘူးပေါ့။ နင် တောင်းတဲ့ဆုနဲ့ ပြည့်နေတာတဲ့နော်။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အထက် ပဒုမုတ္တရဘုရား လက်ထက်က သူတို့အိမ်ကို ခေါင်းပြတိုက်တာကိုး။ ခေါင်းပြ ခြောက်ယောက်ပေါ့။ နစ်နာအောင် လုပ်ထားခဲ့ပုံရတယ်။ အဲဒီတော့ နစ်နာလွန်းလို့ နိဗ္ဗာန်မရမီကြား

www.dhammadownload.com



သူ့မျက်မှောက်မှာ သေတာ မြင်ချင်တယ်လို့ ဆုမတောင်းလား . . . (တောင်းပါတယ် ဘုရား)။ အဲဒါ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမမြတ်စွာဘုရား သာသနာကျမှ အဲဒီဝဋ်မှုက မီတော့တာဗျ။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါ တယ် ဘုရား)။ အဲဒီဝဋ်မှုက မီတော့တာနော်။

စင်စစ်ကတော့ ဒါ၊ လင် ကိုဒါသလား၊ ခေါးပြလား . . . (ခေါးပြပါ ဘုရား)။ သား နှစ်ယောက်လား၊ ခေါးပြလား . . . (ခေါးပြပါ ဘုရား)။ မိဘ နှစ်ပါးလား ခေါးပြလား. . . (ခေါးပြပါ ဘုရား)။ အစ်ကိုကြီးလား၊ ခေါးပြလား. . . (ခေါးပြပါ ဘုရား)။ ခေါးပြလို့ မြင်တော့ အငိုမျက်ရည်တွေ ရပ်မသွားဘူးလား . . . (ရပ်သွားပါတယ် ဘုရား)။ သားအနေနဲ့ မြင်တုန်းက ငိုတာပေါ့။ မိဘအနေနဲ့ မြင်တော့ ငိုတာပေါ့။ လင်အနေနဲ့ မြင်တော့ ငိုတာပေါ့။ ခါးပြလို့ မြင်တော့ မျက်ရည် ရပ်သွားတယ်နော်။ ပြန်ပြီး တွေးတဲ့အခါ မငိုဘဲ မနေနိုင်ဘူးပေါ့။

အဲဒီမှာ ဓာတ်ကြီးလေးပါး ရှိတယ်နော်။ ခန္ဓာငါးပါး ထဲမှာလည်း ရူပက္ခန္ဓာမပါလား . . . (ပါပါတယ် ဘုရား)။ ရူပက္ခန္ဓာ အသေးစိတ်ကြည့်တဲ့အခါ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ပေါ့။ ပထဝီက မာတဲ့

www.dhammadownload.com



သဘော၊ ပျော့တဲ့သဘောပေါ့။ အာပေါက ဖွဲ့စည်းတဲ့ သဘော၊ ယိုစီးတဲ့သဘောပေါ့။ တေဇောက ပူတဲ့သဘော၊ အေးတဲ့သဘောပေါ့။ ဝါယောက ထောက်ကန်တဲ့သဘော၊ လှုပ်ရှားတဲ့ သဘောပေါ့။

ကိုဒါသလား၊ ဓာတ်ကြီးလေးပါးလား . . . (ဓာတ်ကြီးလေးပါးပါ ဘုရား)။ သားနှစ်ယောက်လား ဓာတ်ကြီးလေးပါးလား . . . (ဓာတ်ကြီးလေးပါးပါ ဘုရား)။ မိဘနှစ်ပါးလား၊ ဓာတ်ကြီးလေးပါးလား . . . (ဓာတ်ကြီး လေးပါးပါ ဘုရား)။ အစ်ကိုကြီးလား၊ ဓာတ်ကြီးလေးပါး လား . . . (ဓာတ်ကြီးလေးပါးပါ ဘုရား)။ ဓာတ်ကြီးလေးပါး ပဲ တွေ့တယ်နော်။ ဓာတ်ကြီးလေးပါးရှိတော့ ဓာတ်ငယ် လေးပါး မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာပေါ့။

မျက်စိနဲ့ ဆိုင်တာ အရောင်၊ အဆင်း၊ အလင်းပေါ့ နော်။ ဝဏ္ဏအဆင်းဓာတ်ပေါ့။ ဓာတ်ကြီးလေးပါးမှာ ဘယ်ဓာတ် ကို မှီဖြစ်တာလဲ၊ စိစစ်ဖို့ မကောင်းလား . . . (ကောင်း ပါတယ် ဘုရား)။ အရောင်အဆင်း အလင်းဆိုတော့ တေဇောဓာတ်ကို မှီဖြစ်ရတာ၊ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ နှာခေါင်းနဲ့ဆိုင်ရာ

www.dhammadownload.com



အနံ့နော်။ အနံ့ကျတော့ ခေတ်ကြီးလေးပါးမှာ ဘယ်ခေတ်ကို မှီတာလဲ၊ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ ပန်းသတင်း လေညှင်းဆောင်ကိုး။ ဝါယောခေတ်ကို မှီဖြစ်ရတယ်။

လျှာနဲ့ပတ်သက်လို့ ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး၊ ရသာ ခြောက်ပါးပေ့ါ။ အဲဒါ ဆားကို လက်နဲ့ ကိုင်စမ်းကြည့်၊ ငန်တယ်လို့ သိရဲ့လား . . . (မသိပါဘူး ဘုရား)။ သကြားကို ကိုင်စမ်းကြည့်၊ ချိုတယ်လို့ သိရဲ့လား . . . (မသိပါဘူး ဘုရား)။ ငရုတ်သီး ကိုင်စမ်းကြည့်၊ စပ်တယ်လို့ သိရဲ့လား . . . (မသိပါဘူး ဘုရား)။ အာပေါခေတ် မရှိဘူးနော်။ စွတ်စိုတဲ့သဘော မရှိဘူးနော်။ လျှာနဲ့ ပတ်သက်တော့ကာကဲ မသိရပေဘူးလား . . . (သိရပါတယ် ဘုရား)။ အာပေါခေတ်ကို မှီဖြစ်ရတယ်။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ပြန်ပြီးတော့ ပထဝီခေတ်ဆိုတာ ရှိသေးတယ်နော်။ ခန္ဓာကိုယ်တရိပ်ရိပ် ကြီးထွားတာ ဩဇာဓါတ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အဲဒီ တရိပ်ရိပ်နဲ့ ကြီးထွားတာ ဩဇာခေတ်က ခေတ်ကြီးလေးပါးမှာ ပထဝီခေတ်ကို မှီဖြစ်ရတာ။ အဲဒီလို လေ့လာဖို့ မကောင်း

www.dhammadownload.com



လား. . . (ကောင်းပါတယ် ဘုရား)။ ပေါင်းလိုက်တော့ ခေတ်ကြီးက လေးသွယ်၊ ခေတ်ငယ်က လေးပါးပေါ့။ ခေတ်ရှစ်ပါး။

ကိုဒါသလား၊ ခေတ်ရှစ်ပါးလား . . . (ခေတ်ရှစ်ပါး ပါဘုရား)။ သားနှစ်ယောက်လား၊ ခေတ်ရှစ်ပါးလား . . . (ခေတ်ရှစ်ပါးပါ ဘုရား)။ မိဘနှစ်ပါးလား၊ ခေတ်ရှစ်ပါး လား. . . (ခေတ်ရှစ်ပါးပါ ဘုရား)။ အစ်ကိုကြီးလား၊ ခေတ်ရှစ်ပါးလား . . . (ခေတ်ရှစ်ပါးပါ ဘုရား)။ ခေတ်ရှစ်ပါး ပဲ တွေ့တယ်နော်။ ခေတ်ရှစ်ပါး အချင်းချင်း ထိတဲ့အခါ အသံ မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ နဝကလာပ် ကိုးခု သော ရုပ်တရားပေါ့။ အသံက အဲဒီမှာပေါ်တာနော်။ ခန္ဓာဖွဲ့ ကြည့်တဲ့အခါ ခေတ်ကိုးပါးပေါ့။ ဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား . . . (ရပါတယ်ဘုရား)။ ရုပ်နှစ်ခု တိုက်တိုင်း တိုက်တိုင်း ဆိုင်ရာဝိညာဏ် မပေါ်ဘူးလား. . . (ပေါ်ပါ တယ်ဘုရား)။ ပေါ်တယ်နော်။

မျက်စိအကြည်ရှိရင် ရူပါရုံ အဆင်းတိုက်မှာပေါ့။ မြင်သိစိတ် မပေါ်ဘူးလား . . . (ပေါ်ပါတယ် ဘုရား)။ နားအကြည်ရှိတော့ အသံမတိုက်လား . . . (တိုက်ပါတယ် ဘုရား)။ ကြားသိစိတ် ပေါ်မယ်နော်။ ကြားသိစိတ်ကလေးက

www.dhammadownload.com



သူတွေ ငါတွေ ဟုတ်ကဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ ရုပ်နှစ်ခုတိုက်မှ ပေါ်တာနော်။ တစ်ဝိညာဏ်တည်း ကြားသိလို့ ဖြစ်ရဲ့လား . . . (မဖြစ်ပါဘူး ဘုရား)။ မဖြစ်ရင် သူနဲ့ သဟဇာတ ဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ မပါလား . . . (ပါပါတယ် ဘုရား)။ အသံလို့ ခံစားတာ လူလား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ နတ်လား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ ဗြဟ္မာလား၊ ဝေဒနာလား. . . (ဝေဒနာပါ ဘုရား)။ အသံလို့ မှတ်တာ လူ၊ နတ်၊ ဗြဟ္မာလား သညာလား . . . (သညာပါ ဘုရား)။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူ၊ ငါလား၊ စေတနာလား . . . (စေတနာပါ ဘုရား)။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါး မပြည့်လား . . . (ပြည့်ပါတယ် ဘုရား)။ ဉာလေးပါး ပြည့်စုံမှ ကြားသိစိတ် ဖြစ်တာနော်။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ဒါ နာမက္ခန္ဓာလေးပါးပေါ့။

လူ၊ နတ်၊ ဗြဟ္မာလား၊ နာမက္ခန္ဓာလေးပါးလား. . . (နာမက္ခန္ဓာလေးပါးပါ ဘုရား)။ ကြားသိစိတ်ပေါ့။ သောတအကြည် ကော လူဟုတ်ရဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ အသံကား လူဟုတ်ရဲ့လား . . . (မဟုတ်ပါဘူး

www.dhammadownload.com



ဘုရား)။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား . . . (ရပါတယ် ဘုရား)။ နာမက္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာပေါင်း . . . (ခန္ဓာငါးပါးပါ ဘုရား)။ အဲဒီ ခန္ဓာသိအောင်လို့ တရားနာရတာ။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အဲဒီခန္ဓာမှာ နှလုံးသွင်းမှားလို့ ဖြစ်တာ။ နှလုံးသွင်းမှားတော့ ကိုဒါသလို့ မြင်လို့ ရှုးတာပေါ့။ သားနှစ်ယောက်လို့ မြင်လို့ ရှုးတာပေါ့။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာကြ။ အဲဒါ မြတ်စွာဘုရားက ခာတ်လေးပါး၊ ခာတ်ရှစ်ပါး၊ ခာတ်ကိုးပါးတို့ မယ်ပဉ္စာကို မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဟောလို့ သဘောပေါက်သွားပြီနော်။ သဘောပေါက်တဲ့ အခါကျမှ ဟဲ့ အရူးမ မယ်ပဉ္စာလို့ မခေါ်ဘူးလား . . . (ခေါ်ပါတယ် ဘုရား)။ ဘုရားတပည့်တော်မ မရူးပါဘူး ဘုရားတဲ့ ကြားလား။ တရားနာပရိသတ်တွေက အရူးတွေလို့ ပြောတာဗျ။ အဲဒီလို မပြောကောင်းဘူးပေါ့။ တစ်ယောက်ထဲက ပရိသတ်လေးသောင်းကို ပြောတာကွဲ့။ သူတို့ ဝတ်တာ စားတာ စိန်ကတ္တီပါ၊ ပိုးဖဲကတ္တီပါ၊ မြကတ္တီပါတွေပေါ့။ တဘက်ကလည်း ရုံလျက် တင်လျက်၊ ပန်းလည်း ပန်လျက်ပေါ့။

www.dhammadownload.com



နင့်မှာ ဝတ်လစ်စလစ်ပေါ့။ အဝတ်မရှိဘူးပေါ့။ အင်္ကျီ မရှိ၊ ထဘီ မရှိ၊ တဘက် မရှိ၊ ပန်း မရှိဘူးပေါ့။ မပြောရပေဘူးလား . . . (ပြောရပါတယ် ဘုရား)။ လေ့လာနော်။

အဲဒီအခါမှာ ငါဘုရားပေးတဲ့ ဝိဇ္ဇာမျက်မှန်နဲ့ တပ်ပြီးတော့ အကြည့်မခိုင်းဘူးလား . . . (ကြည့်ခိုင်းပါတယ် ဘုရား)။ ကိုဒါသထင်လို့ ဝိဇ္ဇာမျက်မှန် တပ်ကြည့်တော့ ကိုဒါသကို မြင်တာလား၊ အဆင်းကို မြင်တာလား . . . (အဆင်းကို မြင်တာပါ ဘုရား)။ သားနှစ်ယောက်ထင်လို့ ဝိဇ္ဇာမျက်မှန် တပ်ကြည့်တော့ သားနှစ်ယောက်ကို မြင်တာလား၊ အဆင်းကို မြင်တာလား . . . (အဆင်းကို မြင်တာပါဘုရား)။ မိဘနှစ်ပါးထင်လို့ ကြည့်လိုက်တဲ့အခါ မိဘနှစ်ပါး မြင်တာလား၊ အဆင်းကို မြင်တာလား . . . (အဆင်းကိုမြင်တာပါ ဘုရား)။ အစ်ကိုကြီးထင်လို့ကြည့်တဲ့အခါ အစ်ကိုကြီး မြင်တာလား၊ အဆင်းကို မြင်တာလား . . . (အဆင်းကို မြင်တာပါ ဘုရား)။

ကိုဒါသလို့ မထင်ဘူးလား. . . (ထင်ပါတယ် ဘုရား)။ ရှိတယ်လို့ မယူလား . . . (ယူပါတယ် ဘုရား)။ လက်နဲ့ ပုတ်ကြည့် ကိုဒါသလား၊ အသံလား . . . (အသံပါ ဘုရား)။ ကိုဒါသလို့ မထင်ဘူးလား . . . (ထင်ပါတယ်

www.dhammadownload.com



ဘုရား)။ ရှိတယ်လို့ မယူလား . . . (ယူပါတယ် ဘုရား)။

နမ်းကြည့်လို့ မခိုင်းလား . . . (ခိုင်းပါတယ် ဘုရား)။ နမ်းကြည့်တဲ့အခါ ကိုဒါသတွေ့သလား၊ အနံ့တွေ့သလား . . . (အနံ့တွေ့ပါတယ် ဘုရား)။ အနံ့ပဲ တွေ့တယ်နော်။ သားထင်လို့ နမ်းကြည့် သားတွေ့မလား၊ အနံ့တွေ့မလား . . . (အနံ့တွေ့ပါတယ် ဘုရား)။ မိဘနှစ်ပါးထင်လို့ နမ်းကြည့် မိဘနှစ်ပါး တွေ့မလား၊ အနံ့တွေ့မလား . . . (အနံ့တွေ့ပါတယ် ဘုရား)။ အကိုကြီးထင်လို့ နမ်းကြည့် အစ်ကို ကြီး တွေ့မလား၊ အနံ့တွေ့မလား . . . (အနံ့တွေ့ပါတယ် ဘုရား)။

လျှာလေးနဲ့ လျက်ကြည့်လိုက်နော်။ ကိုဒါသထင်လို့ လျှာလေးနဲ့ လျက်ကြည့်တော့ ငန်ပျပျ မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ ဆားပေါက်နေလို့ ငန်ပျပျ ရသာဓာတ်ပေါ့။ ကိုဒါသလား၊ ရသာဓာတ်လား . . . (ရသာဓာတ်ပါ ဘုရား)။ သားနှစ်ယောက်လား၊ ရသာဓာတ်လား . . . (ရသာဓာတ်ပါ ဘုရား)။ မိဘနှစ်ပါးလား၊ ရသာဓာတ်လား . . . (ရသာဓာတ်ပါ ဘုရား)။ အစ်ကိုကြီးလား၊ ရသာဓာတ်လား . . . (ရသာဓာတ်ပါ ဘုရား)။

ကိုဒါသထင်လို့ ဘုရားပေးတဲ့ဉာဏ်လက်နဲ့ ကိုင်စမ်း

www.dhammadownload.com



ကြည့်နော်။ ဆံဖျားက ခြေဖျားပေါ့။ ခြေဖျားက ဆံဖျား ပေါ့။ အနုလုံပဋိလုံပေါ့။ အဲဒီလို ကိုင်စမ်းကြည့်တဲ့အခါ ပူနွေးနွေး မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ ကိုဒါသလား တေဇောဓာတ်လား . . . (တေဇောဓာတ်ပါ ဘုရား)။ သားနှစ်ယောက်လား၊ တေဇောဓာတ်လား . . . (တေဇော ဓာတ်ပါဘုရား)။ မိဘနှစ်ပါးလား၊ တေဇောဓာတ်လား . . . (တေဇောဓာတ်ပါ ဘုရား)။ အစ်ကိုကြီးလား၊ တေဇောဓာတ် လား . . . (တေဇောဓာတ်ပါ ဘုရား)။ တေဇောဓာတ်ပဲ တွေ့တယ်နော်။ ပူတယ်၊ အေးတယ်လို့ သိတာ သူ၊ ငါလား၊ ကာယဝိညာဏ်လား . . . (ကာယဝိညာဏ်ပါ ဘုရား)။ ကာယဝိညာဏ်က နာမ်တရား မရလား . . . (ရပါတယ် ဘုရား)။ ပူတာ၊ အေးတာက ရုပ်တရား မရလား . . . (ရပါတယ် ဘုရား)။ နာမ်ရုပ်နှစ်ပါး။ နာမ်ရုပ်နှစ်ပါးပဲ တွေ့တယ်နော်။

ကိုဒါသလား နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ သားနှစ်ယောက်လား၊ နာမ်နှင့် ရုပ်လား . . . (နာမ် နဲ့ ရုပ်ပါဘုရား)။ မိဘနှစ်ပါးလား၊ နာမ်နှင့် ရုပ်လား. . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ အစ်ကိုကြီးလား၊ နာမ်နှင့်ရုပ် လား. . . (နာမ်နဲ့ရုပ်ပါ ဘုရား)။ နာမ်ရုပ်ပဲ တွေ့တယ်

www.dhammadownload.com



နော် . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ မယ်ပဋ္ဌာ ရှူးတဲ့ကိစ္စ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ နာမ်၊ ရုပ်ကို မြင်လို့ ရှူးတာလား၊ ကိုဒါသကို မြင်လို့ ရှူးတာလား . . . (ကိုဒါသကို မြင်လို့ ရှူးတာပါ ဘုရား)။ တကယ့် အမြင်ခံ၊ အရှုခံက ကိုဒါသလား၊ နာမ်နှင့် ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ဟော နှလုံးသွင်းမှားနေတာပေါ့။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

သားနှစ်ယောက်လား၊ နာမ်နှင့် ရုပ်လား . . . (နာမ်နဲ့ရုပ်ပါ ဘုရား)။ မိဘနှစ်ပါးလား နာမ်နှင့်ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါဘုရား)။ အစ်ကိုကြီးလား . . . (နာမ်နဲ့ရုပ်ပါ ဘုရား)။ နာမ်၊ ရုပ်ပဲ တွေ့တယ်နော်။ ကိုဒါသ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါဘုရား)။ သားနှစ်ယောက် ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မိဘနှစ်ပါး ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ အစ်ကိုကြီး ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ တွေ့တာက နာမ်ရုပ်ပဲ တွေ့တယ်နော်။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုရင်း အချက်တွေပေါ့။

ဆက်ပြီးတော့ကြည့် ရုပ်တရားကြီးက **ရုပ္ပတီတိ**

www.dhammadownload.com



**ရူပံ** ဖောက်ပြန်ပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ နာမ်တရားက သိပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ ဖြစ်ပျက်လို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက်ကွဲ့နော်။ အဲဒီလိုစိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ကဲ ရုပ်ကို လည်း သိသွားပြီ၊ နာမ်ကိုလည်း သိသွားပြီနော်။ ကိုဒါသကို တွေ့သလား၊ နာမ်ရုပ်ကို တွေ့သလား . . . (နာမ်ရုပ် တွေ့ပါတယ် ဘုရား)။ သားနှစ်ယောက်ကို တွေ့သလား၊ နာမ်ရုပ်ကို တွေ့သလား. . . (နာမ်ရုပ်ကို တွေ့ပါတယ် ဘုရား)။ မိဘနှစ်ပါးကို တွေ့လား၊ နာမ်ရုပ်ကို တွေ့သ လား . . . (နာမ်ရုပ်ကို တွေ့ပါတယ် ဘုရား)။ အကိုကြီး တွေ့သလား၊ နာမ်ရုပ်တွေ့သလား . . . (နာမ်ရုပ် တွေ့ပါ တယ် ဘုရား)။

မယ်ပန္နာ သွက်သွက်လည် ရူးတာ နာမ်ရုပ်ကို မြင်လို့ ရူးတာလား၊ ကိုဒါသမြင်လို့ ရူးတာလား . . . (ကိုဒါသ မြင်လို့ရူးတာပါ ဘုရား)။ တကယ့် အမြင်ခံ အရူခံက ကိုဒါသလား၊ နာမ်နှင့်ရုပ်လား . . . (နာမ်နှင့် ရုပ်ပါ ဘုရား)။ နာမ်ရုပ်ပဲ တွေ့တယ်နော်။ နှလုံးသွင်းမှန်ဖို့ လိုတာပေါ့။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အခုလည်း သွက်သွက်လည် ရူးပြီးနေတဲ့ ပုဂ္ဂိုလ်တွေ

www.dhammadownload.com



စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ တရားမမှန်လို့ ရှုးတာပေါ့။ တရားမှန်လို့ အရှုးပျောက်တာ မယ်ပဋ္ဌာက သက်သေမခံလားဟေ့ . . . (သက်သေခံပါတယ်ဘုရား)။ ဘယ်လောက်များ ထင်ရှားသလဲနော်။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ အဲဒီလို စိစစ်ဖို့လိုတယ်။ အဲဒါနဲ့ မယ်ပဋ္ဌာကိုဆက် ပြီးတော့ ကြိုးစားဦးလို့ မခိုင်းရဘူးလား . . . (ခိုင်းရပါတယ် ဘုရား)။ အဲဒါနဲ့ သူ့ကို ပြောပြရတယ်နော်။ အခု တရားနာ ပရိသတ်တွေမှာ ပိုးဖဲကတ္တီပါ၊ စိန်ကတ္တီပါ၊ မြကတ္တီပါပေါ့၊ ပန်းလည်းပန်လျက်၊ တဘက်လည်း ရုံလျက်၊ တင်လျက်ပေါ့၊ နှင့်မှာတော့ ဝတ်လစ်စလစ်တဲ့။ ဘုရားတပည့်တော်မ လည်း ထဘီ၊ အင်္ကျီရှိတာပေါ့။ ဘယ်ဆီကရလဲလို့ မမေးရဘူးလား. . . (မေးရပါတယ် ဘုရား)။

ရှေးအထက်ကျော်က ပဒုမုတ္တရဘုရား လက်ထက်က ဂေါတမမြတ်စွာဘုရား သာသနာကျတဲ့အခါ ငါးပါးသီလတည်းဟူသော ထဘီမြဲစေ၊ ငါးပါးသီလတည်းဟူသော အင်္ကျီမြဲစေလို့ ဗျာဒိတ်ချွေခြင်းကြောင့် ထဘီအင်္ကျီရပါပြီတဲ့ကြားလား။ မယ်ပဋ္ဌာမှာရှိတဲ့ ထဘီ၊ အင်္ကျီက မီးလောင်နိုင်ပါ့မလား . . . (မလောင်နိုင်ပါဘူး ဘုရား)။ ရေကား ဖျက်ဆီးနိုင်ပါ့မလား . . . (မဖျက်ဆီးနိုင်ပါဘူး ဘုရား)။ သူခိုးကော

www.dhammadownload.com



ခိုးနိုင်ပါ့မလား . . . (မခိုးနိုင်ပါဘူး ဘုရား)။ တရားနာ ပရိသတ်မှာ ရှိတဲ့ဟာတွေက မီးလည်း လောင်နိုင်တယ်၊ ရေလည်း ဖျက်ဆီးနိုင်တယ်နော်။ သူခိုးလည်း ခိုးနိုင်တယ် နော်။ အဲဒီလို လေ့လာဖို့မကောင်းလား . . . (ကောင်းပါ တယ် ဘုရား)။

တဘက်ကား ဘယ်ကရလဲလို့ မမေးဘူးလား . . . (မေးရပါတယ် ဘုရား)။ ရှေးထက်ကျော် ပဒုမုတ္တရဘုရား လက်ထက်က ဂေါတမမြတ်စွာဘုရား သာသနာကျတဲ့အခါ ရှစ်ပါးသီလတည်းဟူသော တဘက်ရုံစေ တင်စေလို့ ဗျာဒိတ် ချွေတယ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ တဘက်ကလည်း တစ်လ လေးသီတင်းပေါ့။ ရှစ်ပါးသီလ တဘက်ကို တင်လျက်၊ ရုံလျက်နော်။ တစ်လမှာ လေးသီတင်း၊ ငါးပါးသီလကား အမြဲ။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ပန်းကား ဘယ်က ရလဲလို့ မမေးဘူးလား . . . (မေးပါတယ် ဘုရား)။ ရှေးအထက် ပဒုမုတ္တရဘုရား လက်ထက်က ဂေါတမမြတ်စွာဘုရား သာသနာကျတဲ့အခါ ပန်းသုံးခိုင် ပန်စေလို့ ဗျာဒိတ်ချွေခြင်းကြောင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ပန်းသုံးခိုင် ပန်လျက်ပါလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။

www.dhammadownload.com



သူတို့မှာရှိတဲ့ ပန်းတွေက မီးလောင်နိုင်တယ်နော်။ ရေက လည်း ဖျက်ဆီးနိုင်တယ်နော်။ သူခိုးလည်း ခိုးနိုင်တာပေါ့။ မယ်ပဋ္ဌာမှာရှိတာ ဖျက်ဆီးနိုင်ပါ့မလား . . . (မဖျက်ဆီး နိုင်ပါဘူး ဘုရား)။ ကဲ အမှန်သိတော့ အမှား မပျောက်လား . . . (ပျောက်ပါတယ် ဘုရား)။ မယ်ပဋ္ဌာ အရှုံးပျောက်တာ စဉ်းစားဖို့ ကောင်းတယ်ကွဲ့၊ လေ့လာနော်။

အခု ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ဆိုတာ တွေဟာ ပုဂ္ဂိုလ်သတ္တဝါ ပျောက်လို့လား မပျောက်လို့ လား. . . (ပုဂ္ဂိုလ်သတ္တဝါ မပျောက်လို့ပါ ဘုရား)။ ရုပ်နာမ် ကတော့ ဒါ ပြောကြတာပေါ့နော်။ ပြောပင်ပြောငြားသော် လည်း ရုပ်နာမ်ကို မြင်လို့လား မမြင်လို့လား . . . (မမြင် လို့ပါ ဘုရား)။ မမြင်တာ အဝိဇ္ဇာပေါ့။ စိတ်ဆိုးတာ သင်္ခါရ ပေါ့။ စိတ္တသင်္ခါရ။ နှုတ်ကပြောတာက ဝစီသင်္ခါရ၊ ခြေလွှန် လက်လွှန်က ကာယသင်္ခါရပေါ့။ ကဲ မဟောဘူးလားဟေ့ . . . (ဟောပါတယ် ဘုရား)။ အဲဒီလို လေ့လာကြ၊ သိပယ် လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ သိတဲ့ အခါကြတော့ ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ ဝင်ခွင့် ရသေးရဲ့လား . . . (မရပါဘူး ဘုရား)။ ဤနေရာ ရောက်အောင် ကြိုးစားအားထုတ်ရမှာပေါ့။ အဲဒါ မယ်ပဋ္ဌာက သက်သေခံတယ်နော်။ အဲဒါ လိုရင်းအချက်ပေါ့။

www.dhammadownload.com



ကဲ အခုဘုန်းကြီးဟောနေတာ ပြောနေတာဟာ မြင်တာလား၊ ကြားတာလား . . . (ကြားတာပါ ဘုရား)။ ကြားတယ်ဆိုတာ နားနဲ့ ဆိုင်ရာပေါ့ ။ အသံကို မျက်စိနဲ့ ကြည့်လို့ မြင်ရပ့ါမလား . . . (မမြင်ရပါဘူး ဘုရား)။ နားနဲ့သာ ဆိုင်တယ်နော်။ ဒါ နားအကြည် ရှိလို့ပေါ့။ အာရုံတိုက်တဲ့အခါ သိတဲ့စိတ်ကလေး မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ အသံလို့ ကြားသိတာ သောတဝိညာဏ် နာမ်တရားမရလား . . . (ရပါတယ် ဘုရား)။ သောတအကြည်နဲ့ အသံက ရုပ်တရား မရလား . . . (ရပါတယ် ဘုရား)။ နာမ်၊ ရုပ်နှစ်ပါးပေါ့။

လူလား၊ နာမ်နှင့် ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ နတ်လား၊ နာမ်နှင့် ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ဗြဟ္မာလား၊ နာမ်နှင့် ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ နာမ်၊ ရုပ်ပဲ တွေ့တယ်နော်။ ကဲ ခြေတွေ လက်တွေ တွေ့သေးရဲ့လား . . . (မတွေ့ရပါဘူး ဘုရား)။ သုံးဆယ့်နှစ်ကောဋ္ဌာသ တွေ့သေးရဲ့လား . . . (မတွေ့ရပါဘူး ဘုရား)။ ပုဂ္ဂိုလ်သတ္တဝါ တွေ့သေးရဲ့လား . . . (မတွေ့ရပါဘူး ဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိဘူးဆိုတာ လုံလုံလောက်လောက် ဘယ်သူက သက်သေခံသလဲ . . . (နာမ်နဲ့ ရုပ်က သက်သေခံပါတယ် ဘုရား)။

www.dhammadownload.com



နာမ်နဲ့ ရုပ်က သက်သေခံတယ်နော်။ အဲဒါ ပရမတ်ကို အာရုံပြုနေတာပေါ့။

နာမ်ရုပ်ကို သိတဲ့အခါ သုံးဆယ့်တစ်ဘုံ တွေ့သေးရဲ့လား . . . (မတွေ့ရပါဘူး ဘုရား)။ ဒီအချိန်မှာ ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ဖြစ်ပ့ါမလား . . . (မဖြစ်ပါဘူး ဘုရား)။ ရှုးကနဲ ရှဲကနဲ စိတ်ဆိုးတာတွေဟာ ဘယ်ကပေါ်လာသလဲ၊ စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ နာမ်ရုပ်ကို မြင်လို့လား၊ မမြင်လို့လား . . . (မမြင်လို့ပါ ဘုရား)။ အဲဒီလို စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ပါးစပ်ကထွက်တဲ့ အသံကတော့ မှန်တယ်နော်။ စိတ်ဆိုးတာနဲ့ ကိုက်ရဲ့လား . . . (မကိုက်ပါဘူး ဘုရား)။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက်တွေပေ့ါနော်။

ကဲ အဲဒီ နာမ်ရုပ်ကလဲ ကြားပြီးရင် မပျက်လား. . . (ပျက်ပါတယ် ဘုရား)။ သိပြီးရင် မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ နိစ္စလား၊ အနိစ္စလား . . . (အနိစ္စပါ ဘုရား)။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာလို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာလို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ အနတ္တလက္ခဏာ ဒုက္ခသစ္စာလို့ မဟောလား . . . (ဟောပါတယ်

www.dhammadownload.com



ဘုရား)။ ချမ်းသာတာ ပါရဲ့လား . . . (မပါပါဘူး ဘုရား)။ ဆင်းရဲတာအတိပေါ့။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ဆင်းရဲတယ်လို့ သိတဲ့အချိန် အဝိဇ္ဇာ ချုပ် မချုပ် . . . (ချုပ်ပါတယ် ဘုရား)။ အဝိဇ္ဇာ ချုပ်တော့ ဒိဋ္ဌိပြုတ် မပြုတ် . . . (ပြုတ်ပါတယ် ဘုရား)။ အာသဝအနေနဲ့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တယ်နော်။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ထိထိမိမိ ဒါသဘောပေါက်ဖို့ လိုတာပေါ့။

ဒုက္ခသစ္စာလို့ ပိုင်းခြားလိုက်တဲ့ တစ်ချိန် ကဲ တဏှာ လာသေးရဲ့လား . . . (မလာပါဘူး ဘုရား)။ ဥပါဒါန် လာသေးရဲ့လား . . . (မလာပါဘူး ဘုရား)။ ကာမာသဝနှင့် ဘဝါသဝ မချုပ်လား . . . (ချုပ်ပါ တယ် ဘုရား)။ ရှေ့ပိုင်းက နာမ်ရုပ်နဲ့ ပိုင်းခြားတော့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တယ်နော်။ နာမ်ရုပ်က အနိစ္စလက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ ဒုက္ခသစ္စာ၊ ပိုင်းခြားသိတော့ သိပယ်လို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ တဏှာ လာသေးရဲ့လား . . . (မလာပါဘူး ဘုရား)။ ဥပါဒါန် လာသေးရဲ့လား . . . (မလာပါဘူး ဘုရား)။ ကာမာသဝနဲ့ ဘဝါသဝ မချုပ်လား . . . (ချုပ်ပါတယ် ဘုရား)။ ရှေ့ပိုင်းက နာမ်ရုပ်တွေ့တော့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ မချုပ်လား . . .

www.dhammadownload.com



(ချုပ်ပါတယ် ဘုရား)။ အာသဝေါတရားလေးပါး မကုန်လား . . . (ကုန်ပါတယ် ဘုရား)။ သမုဒယသစ္စာ မသေလား . . . (သေပါတယ်ဘုရား)။ နောက်ခန္ဓာ ဇာတ်မသိမ်းလား . . . (သိမ်းပါတယ် ဘုရား)။ နိရောဓ . . .။

ကဲ ကြားဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါ ဘုရား)။

သိတာက . . . (မဂ္ဂသစ္စာ ပါဘုရား)။

သေတာက . . . (သမုဒယသစ္စာပါ ဘုရား)။

နောက်ခန္ဓာ မလာတာ. . . (နိရောဓသစ္စာပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နှစ်ကွက်ရှိ . . . (လေးကွက် ရှိပါတယ် ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး . . . (ငါးပါးပါ ဘုရား)။ ငါးလေးလီ . . . (နှစ်ဆယ်)။ ဤရှစ်သွယ်ကို . . . (အလွယ် ကျက် မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)။

## အမျှဝေ

**ဏ္ဏမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ**

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **ဗုဒ္ဓံ**၊ မြတ်စွာဘုရားကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

www.dhammadownload.com



**ဏ္ဍမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ**

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **ဓမ္မံ**၊ တရား တော်မြတ်ကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

**ဏ္ဍမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ**

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **သံဃံ**၊ သံဃာတော် အရှင်မြတ်ကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင် ဘုရား။

ဤကဲ့သို့ ပြုလုပ်အပ်သော ဒါနကုသိုလ်၊ သီလ ကုသိုလ်၊ ဘာဝနာကုသိုလ်၊ အဓိဋ္ဌာန်ကုသိုလ်၊ ပါရမီ ကုသိုလ်၊ ဝိပဿနာ မဟာကုသိုလ်တို့၏ အကျိုးအားကြောင့် ခန္ဓာငါးပါး၊ ရုပ်၊ နာမ်တရားတို့၏ မဖြစ်ဝေးစွာ ချုပ်ငြိမ်း ရပါလို၏ အရှင်ဘုရား။

ထိုကုသိုလ်၏ အကျိုးကိုလည်း မိခင်၊ ဖခင်၊ ကျေးဇူး ရှင်တို့အား လည်းကောင်း၊ အနမတဂ္ဂ သံသရာမှ စ၍ တော်စပ်ခဲ့ဖူးသော မိခင်၊ ဖခင် ကျေးဇူးရှင် အပေါင်းတို့အား လည်းကောင်း၊ အာစရိယာနဥ္စ၊ ဆရာသမားတို့အား လည်း ကောင်း၊ ဏ္ဍမာသံ ပရိသာနဥ္စ၊ တရားနာ အစည်းအဝေးသို့

www.dhammadownload.com



ကြွရောက်လာကြကုန်သော တရားနာ ပရိသတ်တို့အား လည်းကောင်း၊ ရေမြေသနင်း ပြည့်ရှင် မင်းတို့အား လည်းကောင်း၊ ငရဲသနင်း ယမမင်းတို့အား လည်းကောင်း၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အာရာမ်စောင့်နတ်၊ ဓမ္မာရုံစောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ်၊ စတုလောကပါလနတ်မင်းကြီးမှ စ၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ၊ သုခိတ၊ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အား ဘာဇေယျာမ အမျှ - အမျှ - အမျှ၊ အမျှ ပေးဝေ ပါကုန်၏။

အမျှ ရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ လိုအင်ဆန္ဒ တစ်လုံး တစ်ဝတည်း ပြည့်ဝကြပြီးလျှင် သူတော်ကောင်းတရား ကြိုးစား ပွားများ အားထုတ် နိုင်လွယ်ကြသည်ဖြစ်စေ။

(အမျှ - အမျှ - အမျှ ယူတော် မူကြပါ ကုန်လော့
သာဓု - သာဓု - သာဓု )[၃]

www.dhammadownload.com



(ဆရာတော်　သံဃာတော်
ဘေးရန် ကင်းပါစေ၊
စိတ်ဆင်းရဲ　ကင်းပါစေ၊
ကိုယ်ဆင်းရဲ　ကင်းပါစေ၊
ဆရာတော်　သံဃာတော်
ကျန်းမာစွာနှင့် ချမ်းသာစွာနှင့်
ခန္ဓာ့ဝန်ကို သာသနာ့ဝန်ကို
လွယ်ကူစွာ ဆောင်ရွက် နိုင်ပါစေ၊
စိတ်ဆင်းရဲ　ကင်းပါစေ၊
ကိုယ်ဆင်းရဲ　ကင်းပါစေ။) ၃-ကြိမ်

၃-ကြိမ်
(ဆရာတော် သက်တော် ရာကျော်ရှည်ပါစေ၊)
သာဓု ... သာဓု ... သာဓု

www.dhammadownload.com

## ဓမ္မဒါန အလှူရှင်

ဦးကျော်မင်း+ ဒေါ်သီသီလွင်

သား မောင်ထက်ဦး၊ သမီး မစမ်းမြသီတာမင်း

မိသားစု (ရွှေပြည်နန်း ကုမ္ပဏီလီမိတက်)

## မိုးလယ်တောရ ဓမ္မရိပ်သာ

| | | |
|---|---|---|
| ဂန့်ဂေါ (ပင်ရင်း) | ဖုန်း- | ၀၆၂-၅၀၀၈၈ |
| | | ၀၆၂-၅၀၀၈၉ |
| ပဲခူး၊ (၁၀)မိုင်ကုန်း၊ တိုက်ခွဲ အမှတ် (၁) | | |
| | ဖုန်း- | ၀၉-၈၆၅၀၉၄၇ |
| ကျိုင်းတုံမြို့၊ တိုက်ခွဲ အမှတ် (၂) | | |
| | ဖုန်း- | ၀၈၄-၂၂၅၀၁ |
| မန္တလေးမြို့၊ တိုက်ခွဲ အမှတ် (၃) | | |
| | ဖုန်း- | ၀၂- ၉၁၀၁၀၀၁၂ |
| တောင်ကြီးမြို့၊ | ဖုန်း- | ၀၈၁-၂၁၀၉၆ |